positive partnerships

Working together to support school-aged students on the autism spectrum



# အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများ

Burmese - Visual Supports

## အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများဆိုသည်မှာ အဘယ်နည်း။

အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများ ကျွန်ုပ်တို့ ပတ်ပတ်လည်တွင်ရှိကြပြီး ၎င်းတို့ကို ကျွန်ုပ်တို့ နေ့စဉ်အသုံးပြုပါသည်။ ၎င်းတို့တွင် လမ်းဆိုင်းဘုတ်များ၊ စားသောက်ဆိုင် ဆိုင်းဘုတ်များနှင့် စားသောက်စာရင်းများ၊ ပြက္ခဒိန်များ၊ ကုန်စုံစာရင်းများ စသည်တို့ ပါဝင်ကြသည်။

ကျွန်ုပ်တို့နေထိုင်သော လောကဝန်းကျင်ကြီးအကြောင်းကို နားလည်ရန် ကျွန်ုပ်တို့သည် စကားလုံးများ၊ ဆိုင်းဘုတ်များ၊ သင်္ကေတများ၊ ဓာတ်ပုံများနှင့် အရာဝတ္ထုများကိုလည်း အသုံးပြုပါသည်။

ကိုယ်ဟန်အမူအရာများနှင့် မျက်နှာအမူအရာများသည်လည်း အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများ၏ ဥပမာများဖြစ်သည်။

## အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများကို အသုံးပြုနည်း

ပြောဆိုသော စကားလုံးများကို သင်အသုံးပြုသည့်အခါတွင် စကားလုံးပမာဏကို လျှော့ချရန် ကြိုးစားပါ။

အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများကို အိမ်မှာရော ကျောင်းမှာပါ အသုံးပြုပြီး တသမတ်တည်းဖြစ်ပါစေ။

အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများကို အသင့်ထားရှိကာ လူငယ်များအတွက် အလွယ်တကူ ရနိုင်စေပြီး ပုံမှန် ပြန်လည်သုံးသပ်နေပါ။

ပစ္စည်းများကို အသုံးချတတ်အောင် လူငယ်များအား သင်ပေးပါ။ သင့်အနေနှင့် ၎င်းကို မည်သို့လုပ်ဆောင်ရမည်ကို မသေချာပါက အကြံဉာဏ်အချို့ကိုရရန် သင့်ကလေး၏ ဆရာ၊ ဆရာမ သို့မဟုတ် ကုထုံးပညာရှင်နှင့် တိုင်ပင်ဆွေးနွေးပါ။

## အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများကို အဘယ်ကြောင့် အသုံးပြုသနည်း

အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများသည် သင့်ကလေးနှင့် ပြောဆိုဆက်သွယ်ရန် အထောက်အကူပြုပေးနိုင်ပြီး သင့်ကလေးက သင်နှင့် ဆက်သွယ်ရန်ကိုလည်း ထောက်ကူပေးနိုင်သည်။

ကလေးများသည် အရာဝတ္ထုများကို တစ်ချိန်တည်းတွင် တွေ့မြင်ပြီး ကြားသိနိုင်လျှင် နားလည်ရန်နှင့် လေ့လာသင်ယူရန် ပံ့ပိုးကူညီပေးနိုင်ပါသည်။

အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများက အဆက်မပြတ် သတိပေးချက်ဖြစ်ပြီး လူများအား အခြားသူများအပေါ် မှီခိုအားမကိုးရန် ပံ့ပိုးကူညီပေးနိုင်ပါသည်။

ထောက်ကူပစ္စည်းများသည် စိတ်ပျက်အားငယ်မှုကို လျော့နည်းစေနိုင်ပြီး ကာယကံရှင်အား ဆက်သွယ်ပြောဆိုရန်၊ ဆွေးနွေးပြောဆိုရန်နှင့် ရွေးချယ်မှုများ ပြုလုပ်ရန် အားပေးနိုင်ပါသည်။

ထို့အပြင် အကြံဉာဏ်များ၊ မေးခွန်းများနှင့် ညွှန်ကြားချက်များကို နှုတ်ဖြင့် မျှဝေကာ ပံ့ပိုးကူညီပေးပါသည်။

အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများကို အသုံးပြုခြင်းက ကလေးများအား စကားပြောဆိုတတ်ခြင်းကို အနှောင့်အယှက် **မပြုကြောင်း** လေ့လာဆန်းစစ်သိရှိရပါသည်။ ထောက်ကူပစ္စည်းများက စကားပြောဆိုမှုနှင့် ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုတို့ကို **အားပေးကြောင်း**ကို တွေ့ရှိရပါသည်။

**မည်သူမဆို အမြင်အာရုံဆိုင်ရာ ထောက်ကူပစ္စည်းများကို ဖန်တီးအသုံးပြုနိုင်ပါသည်။ အောက်ပါတို့မှာ သင့်အတွက် အကြံဉာဏ်အချို့ ဖြစ်ပါသည်။**



**သင့်ကလေးအား ဘာလုပ်ရမည်ကို ပြသရန် အရာဝတ္ထုများကို အသုံးပြုပါ။ ဥပမာ၊ နောက်ဆက်တွဲ ဘာတွေဖြစ်မည်ကို သင့်ကလေးအား သိစေရန်ဖြစ်သည်။**



**ခန္ဓာကိုယ်လှုပ်ရှားမှုများ၊ မျက်နှာအမူအရာများ အသံမျိုးပေါင်းစုံနှင့် အမူအယာများကို အသုံးပြုပါ။**



**နေရာများနှင့် လူများအား ဓာတ်ပုံရိုက်ပါ။**

**positivepartnerships.com.au တွင် ကြည့်ပါ**

The Positive Partnerships initiative is funded by the Australian Government Department of Education through the Helping Children with Autism Package. The views expressed in this publication do not necessarily represent the views of the Australian Government or the Australian Government Department of Education.

# အမြင်အာရုံဆိုင်ရာ ထောက်ကူ ပစ္စည်းများ




စကားလုံးများကို ရုပ်ပုံများဖြင့် အတူတွဲပေးပြီး သင့်ကလေးအား ရွေးချယ်စေရန် အားပေးပါ။




စစ်ဆေးရန် စာရင်းများကို ရေးပါ



အင်တာနက်မှာ ပုံများကို ရှာပါ။



လုပ်ရိုးလုပ်စဉ်များနှင့် ညွှန်ကြားချက်များကို အရောင်များဖြင့် မှတ်သားပါ




ရုပ်ပြစာအုပ် ဇာတ်ညွှန်းတစ်ခုကိုရေးပါ။ တုတ်ချောင်းလေးများဖြင့် ပုံဆွဲထားသော ရုပ်ပုံများနှင့် စကားပြောကွက်များကို အသုံးပြု၍ ဇာတ်လမ်းကို သင်ပြောပြလိုသည့်အတိုင်း ပြောပြပါ




ဖုန်းများရှိ app (အက်ပ်)များ၊ ဥပမာ အချိန်မှတ် ကိရိယာများ၊ ဒိုင်ယာရီများ



လူမှုရေး ဇာတ်လမ်းများ။ သင့်ကလေး သို့မဟုတ် သင့်ကလေး၏ စိတ်ကြိုက်ဇာတ်ကောင်ကို အသုံးပြု၍ လုပ်ဆောင်မှုအသစ် သို့မဟုတ် အစီအစဉ်အသစ်တစ်ခုကို သင့်ကလေးအတွက် အသင့်ပြင်ပေးပါ။

သင့်ကလေး၏ ဖွံ့ဖြိုးမှုအတွက် ပူပန်ပါက သင့်ကလေးအား ပံ့ပိုးကူညီပေးနေသည့် ဆရာဝန် သို့မဟုတ် ကျွမ်းကျင်ပညာရှင်တစ်ဦးဦးအား ပြသပါ။ ဘာမျှမလုပ်ဘဲ စောင့်ကြည့်နေခြင်းထက် တစ်ဦးဦးနှင့် တိုင်ပင်ခြင်းက ပိုကောင်းပါသည်။

positive partnerships

Working together to support school-aged students on the autism spectrum

# Using Visual Supports



## What are Visual Supports?

Visual supports are all around us and we use them every day. These include road signs, restaurant signs and menus, calendars, grocery lists etc.

We also use words, signing, symbols, photos and objects to understand the world we live in.

Gestures and facial expressions are also examples of visual supports.

## How to use visual supports

Try to reduce the amount of spoken words you use when sharing them.

Use visuals across home and school and be consistent.

Keep them in place and available to young people and review regularly.

Teach young people how to use them. If you're unsure about how to do this, chat to your child's teacher or therapist for some ideas.

## Why use visual supports?

Visual supports can help you to communicate with your child and help your child to communicate with you.

If children hear and see things at the same time it can support them to understand and learn.

Visual supports are a permanent reminder and can support people to be independent.

They can reduce frustration and encourage individuals to communicate and express themselves and make choices.

They support ideas, questions and instructions that are shared verbally and allow for processing time.

Research shows that the use of visual supports **does not** stop children from learning to speak. It has been shown **they encourage** the development of speech and language

## Anyone can make and use visual supports. Here are some ideas for you:



**use objects to show your child what to do e.g. to let your child know what's happening next**



**use body movements, facial expressions, voice range and gestures**



**take photos of places and people**

Go to **positivepartnerships.com.au**

The Positive Partnerships initiative is funded by the Australian Government Department of Education through the Helping Children with Autism Package. The views expressed in this publication do not necessarily represent the views of the Australian Government or the Australian Government Department of Education.

# Using Visual Supports




put words with pictures and encourage your child to make choices




make checklists



find images on the internet



colour code routines and instructions



make a comic book script: draw and tell the story as you go, using stick figures and speech bubbles




apps on phones, i.e. timers, schedules



social stories – make one using your child or your child's favourite character to prepare your child for a new activity or a plan

If you are concerned about your child's development, see your doctor or a professional that helps your child. It is better to talk to someone than to 'wait and see'.

Go to **positivepartnerships.com.au**